# မြန်မာနှင့် တရုတ်နိုင်ငံ – ဘိန်းခင်းစိုက်ပျိုးရေးသမားဟောင်းတဦး၏ ဘဝသစ်အခြေကျအစ

မန်ဂလာ၊ မြန်မာ၊ ၁၇ ဇူလိုင်လ
အင်တာ ပရက်စ် သတင်းဌာန

တရုတ်နိုင်ငံနယ်စပ်နှင့်နီးရာ မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းတနေရာရှိ ရှမ်းပြည်နယ်မှ ရွာကလေးတရွာတွင် ဖြစ်သည်။ အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်သော ပါစသည် ရွာ၏တောင်ပိုင်းရှိ တောင်ကုန်းစောင်းကလေးပေါ်၌ ဂေါ်ပြားနှင့် မြေကြီးကိုထိုးဆွလျှက်ရှိသည်။

ယခင်က ငှက်ပျောသီးစိုက်ထားသည့် ဤလယ်ကွက်တွင်းမှာပင် မြေပဲထပ်စိုက်နိုင်ရန်အတွက် သူပြင်ဆင်နေခြင်းဖြစ်သည်။ နေလောင်ဒဏ်ပြင်းစွာခံထားရသည့် ပါစသည် ငှက်ပျောစိုက်ခြင်းထက် မြေပဲစိုက်ခြင်းက ပိုမို၍ အမြတ်ထွက်နိုင်သည်ဟု ရှမ်းလိုပြောသည်ကို ဘာသာပြန်မှတဆင့် သိလိုက်ရသည်။

သူနှင့်အတူ သူ၏ဇနီးဖြစ်သူနှင့် သမီးငယ်နှစ်ဦးလည်း အတူလုပ်ကိုင်လျှက်ရှိသည်။ သူတို့၏အနီးအနားတွင် လက်ဖက်ရည်ကြမ်းအိုးတလုံး၊ ကောက်ညှင်းထည့်ထားသည့် နှီးခြင်းတခုနှင့် ဤလွင်ပြင်ဒေသအတွင်း သုံးရန် သိတ်မလိုသော်လည်း သူသွားလေရာအမြဲသယ်ဆောင်တတ်သည့် ရိုင်ဖယ်သေနတ်တလက်တို့ ရှိနေလေသည်။ သေနတ်ကို သွားလေရာယူတတ်သည့်အကျင့်မှာ တောင်ပေါ်တွင်နေစဉ်ကအကျင့်ဟု သူကဆိုသည်။

လွန်ခဲ့သည့် ၇ နှစ်ခန့်အထိ အိုင်နီလူမျိုးစုဖြစ်သူ ဤမိသားစုသည် တရုတ်နိုင်ငံ ယူနန်နယ်၏ အနောက်တောင် ဒေသ ဇင်ရွှန်ဘန်နာ၏ ဟိုမှာဘက်ရှိ မြန်မာနိုင်ငံနယ်စပ်ဒေသဖြစ်သည့် တောတောင်ထူတပ်လှသော မန်ဟိုင်နယ်စပ်ရွာကလေးတွင် နေထိုင်နေသူများဖြစ်သည်။ ပါစတို့မိသားစုသည် နှစ်ပေါင်း၊ မျိုးဆက်ပေါင်းများစွာပင် ဘိန်းစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းလာကြသူများဖြစ်သည်။

လွန်ခဲ့သည် ၇ နှစ်ကပင် ဘိန်းစိုက်ပျိုးရေးကို စိတ်ရောကိုယ်ပါမရှိလှသော်ငြား ကျောခိုင်းထွက်ခွာလာခဲ့ကြပြီး မန်ဂလာဟုခေါ်သည့် ဤလွင်ပြင်ဒေသ၌ ပြောင်းရွှေ့လာရောက်နေထိုင်သူများလည်းဖြစ်သည်။ ဤလွင်ပြင်၌ စပါး၊ ငှက်ပျောနှင့် မြေပဲများစိုက်၍ အသက်ရှင်ရပ်တည်နေထိုင်ကြသူများဖြစ်သည်။

ပါစတို့မိသားစုသည် ရှမ်းပြည်နယ်အရှေ့ပိုင်း ဤအချုပ်အခြာပိုင်ရာ အထူးလေးခရိုင်ဒေသဖြစ်သည့် မန်ဂလာသို့ တောင်ပေါ်ဒေသမှနေ၍ မြေပြန့်လွင်ပြင်များသို့ လာရောက်ပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုရာများစွာထဲမှ တမိသားစုဖြစ်ပြီး တရုတ်နိုင်ငံနှင့် နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရိုးရာဘိန်းစိုက်ပျိုး အသက်မွေးဝမ်းကျောင်းရာမှ အဆက်ဖြတ်၍ ဤနေရာ၌ လာရောက်နေထိုင်သူများဖြစ်သည်။

ဇွန်လ ၃၀ ရက်နေ့ ၁၉၈၉ ခုနှစ်က ဤဒေသအတွင်း ဘိန်းအရောင်းအဝယ်လုပ်နေခဲ့သူဖြစ်သည့် တရုတ်နိုင်ငံဖွား ဘိန်းဘုရင် လင်မင်းရှန်မှ မြန်မာအစိုးရနှင့် သစ္စာခံလုပ်လိုက်သည့်နောက်ပိုင်းမှစ၍ စတုရန်းကီလိုမီတာ ၅၀၀၀ ရှိပြီး လူဦးရေပေါင်း ၇၄၀၀၀ ရှိသည့် ဤအထူးခရိုင်ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။

ခရိုင်၏စစ်ရေးနှင့် နိုင်ငံရေးတာဝန်ခံလည်းဖြစ်ပြီး ဤဒေသ၏အာဏာအကြီးဆုံးဖြစ်သူ ဒုတိယဥက္ကဌ ဇီးဘင် အဆိုအရ ၁၀၉၉ ဟက်တာရှိသည့် ဘိန်းများကို ရွာပေါင်း ၄၀၁ ရွာအနက် ၂၆၂ ရွာတွင် စိုက်ပျိုးခဲ့သည်ဟု ဆိုသည်။ နှစ်စဉ်ဘိန်းထွက်နှုန်းမှာ ၉၈၀၀ ကီလိုဂရမ်ရှိသည်ဟု သိရသည်။

ဒေသခံအစိုးရတာဝန်ရှိသူများမှနေ၍ မန်ဂလာရှိ အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်သော ဘိန်းဖြူထုတ်လုပ်သည့်စက်ရုံတရုံအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ဤသို့မီးရှို့ဖျက်ဆီးပြလိုက်ခြင်းသည် ကမ္ဘာတဝှမ်းလုံး၌ ဘိန်းအထွက်ဆုံး၊ အထုတ်လုပ်ဆုံးနေရာအဖြစ် အထူးကျော်ကြားနေသည့် ဤမြန်မာ၊

လောနှင့် ထိုင်းနိုင်ငံတို့ဆုံရာ ရွှေတြိဂံနယ်မြေအတွင်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်မှု စစ်ဆင်ရေးစတင်လိုက်သည့် သင်္ကေတပင်ဖြစ်ပေသည်။

အရာရှိများနှင့် ယင်းဒေသအတွင်း နေထိုင်သူများအား တွေ့ဆုံမေးမြန်းရာ ဘိန်းအစား အခြားသီးနှံများ အစားထိုးစိုက်ပျိုးသည့် ကျိုးပမ်းလုပ်ဆောင်ချက်မှာ နှစ်အတော်ကြာကစခဲ့ပြီဖြစ်ပြီး ယခင်က ဘိန်းစိုက်ပျိုးသူများအတွက် စီးပွားရေးအရ အကျိုးရှိလာသည့်အပြင် မြန်မာနိုင်ငံနယ်စပ်ဒေသဘက်မှနေ၍ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းရောင်းချနေသည့် မူးယစ်ဆေးဝါး အဝင်နှုန်းလည်း သိသိသာသာကျဆင်းသွားသည်ဟုဆိုသည်။

မန်ဂလာသည် တရုတ်နိုင်ငံနယ်စပ်စစ်ဆေးရေးစခန်းမှ ၁၀ ကီလိုမီတာသာဝေးပြီး မန်ဟိုင်ခရိုင်အဝင်၌ တည်ရှိပေသည်။

မြန်မာလက်နက်ကိုင်အဖွဲ့နှင့် ၁၉၆၀ ခုနှစ်များအတွင်းက ပူးပေါင်းလိုက်သည့် ယခင်က တရုတ်နိုင်ငံရှိ "တရုတ်နီတပ်" တပ်သားတဦးဖြစ်သူ ယူနန်နယ်မှ အသက် ၅၇ နှစ်အရွယ် ဇီးက ဘိန်းစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ နှစ်အနည်း၍ယ်အတွင်းမှာပင် လျင်မြန်လှသည့် အပြောင်းအလဲများ ဖြစ်ပွားလာသည်ဟု သူ၏နေအိမ်သို့လာ၍ တွေ့ဆုံမေးမြန်းသူကို ပြောပြခဲ့သည်။

"တခါတလေ နည်းနည်းဝေးလံခေါင်သီတဲ့နေရာတွေမှာ ဘိန်းကို တိတ်တိတ်ကလေး ခိုးစိုက်တတ်တာတွေ့ရပေမဲ့ ဒီလေးခရိုင်နယ်ထဲမှာ ဘိန်းစိုက်တာတွေကို သုတ်သင်ဖယ်ရှားတာတွေ စတင်လုပ်ဆောင်ကတည်းက ဘိန်းစိုက်နှုန်း တော်တော်ကျသွားတာဟာ အတော်တောင် ကြာခဲ့ပြီ၊" ဟု ယူနန်ဒေသလေသံဝဲဝဲရှိသည့် မန်ဒရင်းတရုတ်ဘာသာစကားဖြင့် ပြောပြခဲ့သည်။

ဇီး၏အဆိုအရ ဤလေးခရိုင်ဒေသအတွင်းရှိ ဘိန်းစိုက်ပျိုးသူ ၆၀၀၀ ကျော်ခန့်သည် အနီးဝန်းကျင်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ လောနိုင်ငံနှင့် ထိုင်းနိုင်ငံများအတွင်းသို့ ရွှေ့ပြောင်းသွားခဲ့ကြပြီး ယခုအထိ ဘိန်းစိုက်ပျိုးမှုအား ဆက်လက်လုပ်ကိုင်လျက်ရှိသည်ဟုဆိုသည်။ သူကပင် "တခါတခါကျရင် သူတို့တတွေ တိတ်တိတ်ကလေးပြန်လာပြီး ဘိန်းခိုးစိုက်တတ်ကြသေးတယ်" ဟု ဖြည့်စွက်၍ ပြောပြခဲ့သည်။

ဥပမာအားဖြင့် ဤအထူးခရိုင် တောင်ပိုင်းနယ်စပ်ဒေသများအတွင်း ၂၀၀၁ ခုနှစ်ကုန်က သက်ဆိုင်ရာအရာရှိများ ၄.၇ ဟက်တာရှိသော ဘိန်းခင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ကီလိုမီတာ ၂၀၀ ခန့်ရှိ ဤဘိန်းပင်များအား အမြစ်မကျန် နုတ်ပစ်ဖျက်ဆီးခဲ့ကြသည်။ "အဲဒါကြောင့်ပဲ ၁၉၉၈ ခုနှစ်ကတည်းကစလို့ တရုတ်နိုင်ငံရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး ဘိန်းစိုက်ခင်းတွေကို စုံစမ်းရှာဖွေဖျက်ဆီးဖို့ ချစ်စဉ်လုပ်လာခဲ့ကြတာ" ဟု ဇီးက ဆက်လက်၍ပြောပြသည်။

မည်သို့ပင်ဖြစ်စေ တရုတ်နိုင်ငံဘက်မှ ပေးလာသည့်အထောက်အကူမှာ ရဲတပ်ဖွဲ့တခုတည်းသာမက အခြားအကူအညီများပါ များစွာအကူပြုခဲ့ကြသည်။ မန်ဟိုင်ခရိုင်ရှိ အရာရှိများ၏အဆိုအရ ဤအထူးခရိုင်အတွင်းနေထိုင်သူများအား အခြားသောအကူအညီများ ပေးခြင်းဖြင့် တရုတ်နိုင်ငံအတွင်း ပုံမှန်ဝင်ရောက်လာနေသည့် မူးယစ်ဆေးဝါးပမာဏ သိသိသာသာလျော့ကျသွားခဲ့သည်ဟုဆိုသည်။

တရုတ်နိုင်ငံအား ၁၉၉၀ ခုနှစ်က မန်ဂလာဒေသခံအစိုးရမှနေ၍ ၎င်းတို့၏ ဘိန်းစိုက်ပျိုးမှုဆန့်ကျင်ဖျက်ဆီးရေး လုပ်ရှားဆောင်ရွက်မှုအား အကူအညီပေးရန် မေတ္တာရပ်ခံခဲ့သည်။ သို့ကြောင့်ပင် ဘိန်းစိုက်ပျိုးခြင်းမှနေ၍ အခြားသော အသက်မွေးဝမ်းကျောင်းမှုများဖြစ်သည့် အစားအစာများ စိမ်ပြုပြင်သည့်လုပ်ငန်းကဲ့သို့ အကူအညီများအား မန်ဟိုင်ခရိုင် လယ်ယာနှင့်စိုက်ပျိုးရေးဗျူရိုမှ ထောက်ကူပေးခဲ့သည်။

“ဘိန်းစိုက်နေကျဖြစ်တဲ့ လယ်သမားတွေ ဘိန်းမစိုက်တော့တဲ့အခါ အသက်ရှင်ရပ်တည်ဖို့အတွက် အခြားကုန်သွယ်ရေးလုပ်ငန်းတွေ သိဖို့လိုလာတယ်၊” ဟု မန်ဟိုင်ခရိုင် လယ်ယာနှင့်စိုက်ပျိုးရေးဗျူရိုမှ ဒါရိုက်တာ ချောင် ဟွန်ကွီအန်းက ရှင်းလင်းပြောပြသည်။

မန်ဂလာတွင် ၁၉၉၁ ခုနှစ်က မျိုးစပ်ထားသည့်စပါးတမျိုးကို ဗျူရို၏ကျွမ်းကျင်သူအတတ်ပညာရှင်များက စမ်းသပ်စိုက်ပျိုးခဲ့ကြပြီး ယနေ့ဆိုလျှင် ၄၀၀၀ ဟက်တာရှိသည့် စပါးခင်းများအား စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်ရာ လွန်ခဲ့သည့်နှစ်က စုစုပေါင်း ကီလိုဂရမ် ၂၀ . ၁ သန်းထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ချောင်ကပင်ဆက်လက်၍ “လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကနေစပြီး မန်ဂလာဒေသခံအစိုးရဟာ တရုတ်နိုင်ငံဘက်က စပါးပျိုးတွေရဖို့အတွက် ယွမ် ၁ သန်း (အမေရိကန်ဒေါ်လာ ၁၂၀၄၈၀) ကို သုံးခဲ့ကြတယ်။ ဒါကြောင့် အခုဆိုရင် စပါးမျိုးစေ့တွေအလုံအလောက်ရှိနေပြီ၊ ကိုယ့်ဟာကိုယ် ရပ်တည်နေနိုင်ပြီ၊” ဟု ဆိုသည်။

တရုတ်နိုင်ငံ လယ်ယာနှင့်စိုက်ပျိုးရေးဗျူရိုမှ ၁၉၉၂ ခုနှစ်ကုန်ပိုင်းကတည်းက ၈ ဟက်တာရှိသည့် လက်ဖက်ခင်းစိုက်ပျိုးရေးကို စတင်ကူညီခဲ့သည်မှစ၍ ယခုဆိုလျှင် ၁၅ ဟက်တာအထိ လက်ဖက်ခင်းများ ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်သည်။ မန်ဂလာတွင် နေထိုင်ကြသောရွာသူရွာသားများအား မန်ဟိုင်ခရိုင်အရာရှိများက ကြံ၊ ရော်ဘာပင်၊ သရက်နှင့် ဖရဲသီးအစရှိသည့် အခြားသောသီးနှံများပါ စိုက်ပျိုးရန် အားပေးအားမြှောက်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံရှိ ဘိန်းစိုက်ခင်းများအစား စိုက်ပျိုးရောင်းချအမြတ်အစွန်းထွက်နိုင်သည့် အခြားသောစိုက်ပင် ပျိုးပင်များ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် အစီအစဉ်စီမံကိန်းများချမှတ်၍ လုပ်ဆောင်နိုင်ရေးအတွက် ယွမ် ၂ . ၄ သန်း (အမေရိကန်ဒေါ်လာ ၂၈၉၀၀၀) ကျော် ရင်းနှီးမြှုပ်နှံခဲ့သည့်အပြင် ဒေသအတွင်း လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာရေးအတွက်လည်း ယွမ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁ . ၂ သန်း) သုံးခဲ့ပြီးဖြစ်သည်ဟု ချောင်ကပြောပြခဲ့သည်။

၅၂လေးခရိုင်ဒေသအား လိုအပ်သည့် စက်မှုလက်မှုအတတ်ပညာများ အကူအညီပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ကျွမ်းကျင်သူအတတ်ပညာရှင်ပေါင်း ၁၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။ “လုပ်ကိုင်ရရှိလာတဲ့ငွေကြေးပမာဏကို ကြည့်လိုက်မယ်ဆိုရင် လွန်ခဲ့တဲ့နှစ်ထိ အကောက်တော်ငွေ ယွမ်သန်း ၈၀ သာရှိတဲ့ ဒီလိုခရိုင်ငယ်လေးတခုအတွက်တော့ ကြီးမားတဲ့ငွေကြေးပမာဏကြီးတခုလို့ ပြောလို့ရပါတယ်၊” ဟု ချောင်ကဆိုသည်။ “ဒါတင်မက ကျုပ်တို့တရုတ်နိုင်ငံထဲကို နှစ်စဉ်အစုလိုက်အပြုံလိုက် ဝင်ရောက်လာနေတဲ့ ဘိန်းဖြူပမာဏ အရမ်းကျသွားတာဟာ အခုဆိုရင် တနှစ်ကို ကီလိုဂရမ် ၁၀၀၀ လောက်လျော့ကျသွားတယ်၊”

“ကျနော်တို့တတွေက တကယ်တမ်းတော့ ဒီတရုတ်နိုင်ငံက ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပုံကိုင်ပုံတွေကို ကြိုးစားအတုယူ လုပ်နေကြတာပါ၊” ဟု လေးခရိုင်ဒေသ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၏ တာဝန်ခံရဲအရာရှိဖြစ်သူ ‘ရန်ဇံ’ က ရှင်းလင်းပြောပြခဲ့သည်။

ယူနန်နယ်၏ မြို့တော်ဖြစ်သည့် ကွန်မင်မြို့မှ မန်ဂလာသို့ ၁၉၉၂ ခုနှစ်က လာရောက်ရွှေ့ပြောင်းနေထိုင်သူ အသက် ၃၂ နှစ်အရွယ်ရှိ ‘ရန်’ သည် တရုတ်နှင့်မြန်မာနိုင်ငံ နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မာလာသည့် အခြေအနေ၏ သာဓကတရပ်ပင် ဖြစ်ပေသည်။ ခရိုင်အတွင်းရှိ ဒေသခံအစိုးရအတွက် အလုပ်လုပ်ကိုင်ပေးနေသော အလုပ်သမားများအားလုံးအနက် ၈၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှ လာရောက်ပြောင်းရွှေ့ နေထိုင်ကြသူများဖြစ်သည်။

တချိန်တည်းတွင်လည်း မန်ဂလာမြို့ကလေးသည် လယ်ယာနှင့်စိုက်ပျိုးရေးအပြင် အခြားသောလုပ်ငန်းများ အားလည်း အစပျိုးလုပ်ဆောင်နေပြီဖြစ်သည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က ဖွံ့ဖြိုးမှုအလျဉ်းမရှိခဲ့သည့်

၎င်းမန်ဂလာမြို့ကလေးသည် တရုတ်နိုင်ငံမှ ခရီးလှည့်လည်သွားလာသူများ၏ လာရောက်လည်ပတ်ရန် ခရီးပန်းတိုင်တခုအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

တရုတ်နှင့်မြန်မာနိုင်ငံနယ်ခြားမှ ၂ ကီလိုမီတာအကွာ မြောက်ဘက်ရှိနေရာလေးတွင် မကြာသေးခင်ကမှ တည်ထားခဲ့သည့် ရွှေရောင်လင်းလက်နေသောဘုရားတဆူက မန်ဂလာမြို့ကလေး၏ အပေါ်မှမိုး၍ ကြည့်နေသကဲ့သို့ပင် ထင်မြင်နိုင်ပေသည်။ ၎င်းဘုရားနံဘေးတွင် အဆောက်အဦးတခုရှိသည်။ ၎င်းအဆောက်အဦးမှာ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ဆောက်လုပ်ခဲ့သော ပြတိုက်ဖြစ်ပြီး အရောင်မှာ ပန်းရောင်သုတ်ထားသောကြောင့် ထင်းထင်းကြီးမြင်နေရပေသည်။ မြို့တွင်း စနစ်တကျတည်ထားသည့် လမ်းသွယ်များအတွင်း ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ နိုက်ကလပ်များနှင့် လောင်းကစားရုံကြီးများက အစီအရီတည်လျက်ရှိသည်။ ၎င်းလမ်းသွယ်များအတွင်း လှည့်လည်သွားလာနေသူ အများစုမှာ တရုတ်လူမျိုးများဖြစ်ကြသည်။ လမ်းပေါ်တွင် တွေ့နေရသော ဆိုင်းဘုတ်များ၏ အများစုမှာလည်း တရုတ်ဘာသာဖြင့်သာ ရေးသားထားသည်မှာများသည်။

ဇီးဘင်၏အဆိုအရ ၁၉၉၆ ခုနှစ်ကတည်းက မန်ဂလာမြို့ကလေးသည် တနှစ်လျှင် တရုတ်နိုင်ငံမှ ခရီးသွားပေါင်း ၃၅၀၀၀၀ ကျော် လက်ခံဧည့်ကြိုခဲ့ပြီးပြီဟုဆိုပြီး ၎င်းခရီးသွားအများစုမှာ နေ့ချင်းပြန်ခရီးသွားများဖြစ်သည်ဟု ဆိုသည်။

သို့သော်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ အထူးခရိုင်ဒေသအတွင်း ဘိန်းစိုက်ပျိုးမှုအားရပ်တန့်ပြီး အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးမှု စတင်သည့်နှစ်များအတွင်းကစ၍ စျေးကွက်စီးပွားရေး အတော်ကျသွားခြင်းကို ကြုံတွေ့ခံစားနေကြရပေသည်။

ယခုနှစ်အတွင်း တန်ပေါင်း ၄၅၀၀ တန်ရှိသည့် ဖရဲသီးများစိုက်ပျိုးပြီး ရောင်းချရာတွင် တရုတ်နိုင်ငံဘက်မှ တရုတ်ကုန်သည်များက ကမ်းလှမ်းသည့်စျေးမှာ အလွန်နည်းလှသော်လည်း ဖရဲစိုက်ပျိုးသူလယ်သမားများမှာ အခြားနည်းလမ်းမရှိသည့်အတွက် ပေးလာသည့်စျေးနှင့်သာ ရောင်းချခဲ့ကြရသည်။ ဒေသအတွင်း ဖရဲရောင်းနှုန်း အလွန်နည်းသောကြောင့်လည်းဖြစ်သည်။

လွန်ခဲ့သည့်လေးနှစ်ခန့်က ဒေသခံအစိုးရမှ သကြားစက်ရုံတခုအား အရင်းအနှီးငွေ ကျပ်သန်းပေါင်း ၉၀၀ (အမေရိကန်ဒေါ်လာ ၃ . ၆ သန်း) အရင်းတည်၍ဆောက်လုပ်ခဲ့သော်လည်း တဘက်ကမ်းရှိ သကြားများ အလျှံပိုရှိနေပြီးဖြစ်သည့် တရုတ်နိုင်ငံအတွင်းမှ ဝယ်ယူလိုအားမရှိခြင်းကို နောက်မှရှာဖွေသိရှိခဲ့ကြသည်။

"ကျုပ်တို့မျှော်လင့်တာကတော့ တရုတ်အစိုးရအနေနဲ့ ကျုပ်တို့ရဲ့သကြားကုန်ကို မီးစိမ်းပြလာဖို့ပဲ၊ အဲလိုမဟုတ်လို့ကတော့ ကျုပ်တို့စက်တွေ တနှစ်၊ နှစ်နှစ်အတွင်းမှာ စွန့်ပစ်လိုက်ရမလိုဖြစ်နေပြီ" ဟု လတ်တလော၌ ဘာမျှမရှိပဲဟောင်းလောင်းဖြစ်နေသည့် ၎င်းသကြားစက်ရုံထဲ၌ပင် 'ရန်' ကမျှော်လင့်ကြီးစွာ ရှင်းပြနေခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ မန်ဟိုင်ရှိ 'ချောင်' တယောက်မှာဖြင့် ခရိုင်အတွင်းလိုအပ်သည့် သကြားတန်ချိန် ရအောင်မလုပ်ပေးနိုင်ခဲ့သဖြင့် နေမထိထိုင်မသာဖြစ်နေခဲ့သည်။ သို့သော် လောလောဆယ်တွင် ခရိုင်အတွင်းလိုအပ်သည့် ရော်ဘာတန်ချိန် အပြည့်အမီရရှိရေးအတွက် မကြာခင်အချိန်အတွင်း နယ်စပ်ဒေသတလျှောက် အပင်ထွက်ရှင်သန်လာတော့မည့် ၁၀၀ ဟက်တာရှိရော်ဘာခင်းအား ကြိုးစားပမ်းစား စိုက်ပျိုးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးစဉ်က ဘိန်းရောင်းဝယ်ဖောက်ကားမှုအပေါ် မူတည်နေထိုင်ရသည့် ၎င်းခရိုင်တွင်းနေသူများမှာ ယခုကဲ့သို့သောပူပင်နေခဲ့ကြရခြင်းမရှိသည့်အတွက် ၎င်းဒေသအတွင်းနေထိုင်သူများ၏ဘဝအခြေအနေမှာ ကွာခြားမှုအတော်အတန်ရှိလာသည်မှာတော့ ကေန်မုချပင်ဖြစ်သည်။ ၎င်းမှာဘက်ခြမ်း တရုတ်–မြန်မာနယ်စပ်

ဒေသအတွင်းနေထိုင်သူများ၏ ဘဝအနေအထားအား ဘိန်းအစား အခြားသီးနှံအစားထိုးစိုက်ပျိုးခြင်းဟူသည့် အစီအစဉ်စီမံကိန်းများမှ သက်ရောက်ပုံဖော်မှုရှိသည့် သာဓကပင်ဖြစ်တော့သည်။

“ဒီဒေသအတွင်း ဘိန်းစိုက်ပျိုးရေး အမြစ်ပြတ်သွားအောင်လုပ်ဆောင်ရေးဟာ ဒီဒေသ၊ ဒီခရိုင်အတွင်းမှာရှိတဲ့၊ နေထိုင်နေတဲ့လူတွေကို အကူအညီပေးရေးပဲဖြစ်တယ်၊ ဒီလူတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျုပ်တို့အနေနဲ့ သူတို့နှစ်သက်ရာမူဝါဒတွေချမှတ်၊ ပြီးတော့ ဒါတွေကိုဂဃနဏကမ်းလှမ်းပြီး ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ ကျုပ်တော့မြင်တယ်၊ ဘာလို့လဲဆို သူတို့တွေကို ကူညီခြင်းအားဖြင့် ကျုပ်တို့ကိုယ်ကျုပ်တို့ ကူညီနေခြင်း ဖြစ်လို့ပဲ၊” ဟု စိတ်အတွေးနှင့် ပြောပြနေခဲ့လေသည်။

(အင်တာပရက်စ် သတင်းဌာန)

(အင်တာပရက်စ်သတင်းဌာန သတင်းဌာနများဆိုင်ရာ အသင်းအဖွဲ့၏ “တို့များရဲ့ မဲခေါင် – အမြင့်ရှုထောင့်တခုနှင့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု” ဟူသည့် အစီအစဉ်တရပ်အောက်တွင် ပီကင်းရှိ ‘တရုတ်ပြည် နေ့စဉ်’ သတင်းစာအတွက် ဤဆောင်းပါးအား သတင်းထောက် ‘ချင် လီယန်’ က ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။)